# မှတ်မိသမျှ - ကိုအောင်ဆန်း၏ ကျောင်းသား ဘဝ

**၁၉၆၀-၆၁ ခုနှစ်ထုတ် ရန်ကုန် တက္ကသိုလ် နှစ်လည် စာစောင် အတွဲ (၄)၊ အမှတ် (၂) က သခင်ကျော်စိန်ရဲ့ "မှတ်မိသမျှ - ကိုအောင်ဆန်း၏ ကျောင်းသား ဘဝ" ကို ပြန်လည် ကူးယူ ဖော်ပြတာ ဖြစ်ပါတယ်။**



ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသား သမဂ္ဂ ဥက္ကဋ္ဌ ကိုအောင်ဆန်း၊ ၁၉၃၇။

## မှတ်မိသမျှ - ကိုအောင်ဆန်း၏ ကျောင်းသား ဘဝ

*သခင်ကျော်စိန်*

ဗိုလ်ချုပ် အောင်ဆန်း (ဝါ) သခင် အောင်ဆန်း (ဝါ) ကိုအောင်ဆန်းနှင့် ကျောင်းနေဖက် နိုင်ငံရေး လုပ်ဖော်ကိုင်ဖက် တဦး ဖြစ်ခဲ့၍ ကျောင်း၌ နေစဉ်က မှတ်မိ သမျှကို မှတ်တမ်း တင်လိုက်သည်။

ကိုအောင်ဆန်းသည် ကျွန်တော် တို့ ထက် ၂ နှစ် စော၍ တက္ကသိုလ်သို့ ရောက်ရှိ နေပါသည်။ ကိုအောင်ဆန်းကို ကျွန်တော်တို့ အတန်း ဆင်းချိန်နှင့် သူ့အတန်း တက်ရန် သုတ်သီး သုတ်ပျာ လာချိန် တို့တွင် 'အင်းဝ' ဆောင်ရှေ့တွင် မကြာခဏ ဆုံစည်း မိတတ် ကြပါသည်။ နောက် ကိုအောင်ဆန်းနှင့် ကျွန်တော်တို့ ခင်မင် ရင်းနှီး လာခဲ့ ကြသည်။

ကိုအောင်ဆန်း၏ ကျောင်းသား ဘဝ ဝတ်ပုံ ဆင်ပုံမှာ ကျွန်တော် တို့အဖို့ အထူးအဆန်း မဟုတ်သော်လည်း အများအဖို့ အတော်ကြီး ထူးဆန်း နေသလို ဖြစ်ခဲ့ ပါသည်။ ရှပ်အင်္ကျီကို ကြယ်သီး အပြည့် မတတ်ဘဲ ပင်နီ အပေါ်အင်္ကျီကို ကပိုကရို ဝတ်၍ မန္တလေး လုံချည် အနွမ်း ကိုပင် ဆင်မြန်းကာ ဆံပင် စုတ်ဖွားနှင့် သင်ကြား ပို့ချ ချက်များ လိုက်ရန် မှတ်စု စာအုပ် လက်တွင် ကိုင်ပြီး စိုက်စိုက် စိုက်စိုက် သွားတတ် သည်ကို ယခု တိုင်ပင် မှတ်မိလျက် ရှိပါသည်။

ကျွန်တော်တို့ အသိ မိတ်ဆွေ သူငယ်ချင်း များနှင့် တွေ့လျှင် ကိုအောင်ဆန်းသည် ပြုံး၍သာ နှုတ်ဆက်ပြီး ရှေ့ဆက် စိုက်စိုက် စိုက်စိုက် သွားလေ့ ရှိပါသည်။ တခုခုကို အစဉ် အာရုံ စိုက်ပြီး နေသော အသွင်မှာ အမြဲထင် ရှား၍ နေပါသည်။ ကိုအောင်ဆန်းသည် ကျောင်းတွင် သူငယ်ချင်း များနှင့် ပေါးလား - ဝါးလား စကား ဖွဲ့လေ့ မရှိပါ။ သင်ကြား ပို့ချ သမျှကို အမြဲ အာရုံ စိုက်ပြီး နားထောင် မှတ်သားလေ့ ရှိပါသည်။

ထို့ကြောင့်လည်း ကိုအောင်ဆန်း စာမေးပွဲတိုင်း ကောင်းစွာ အောင်မြင် သည်ချည်း ဖြစ်ပါသည်။

ကိုအောင်ဆန်းနှင့် ခင်မင် ရင်းနှီး လာပြီး သူ၏ အခန်းသို့ သွားရောက် လည်ပတ်သော အခါ သူ၏ အခန်းမှာ မသေသပ်ဆုံး အခန်း တခု အမြဲ ဖြစ်နေ သည်ကို ကောင်းစွာ သတိ ပြုမိသည်။ တခါတရံ ကိုအောင်ဆန်းသည် ညလုံးပေါက် စာဖတ်လေ့ ရှိပါသည်။ စာသင်ခန်းတွင် နှုတ်ဆိတ် သလောက် သူ၏ အခန်း ရောက်၍ စကား စမိလျှင် ကိုအောင်ဆန်းသည် အာပေါင် အာရင်း သန်သန်နှင့် စိတ်ပါ လက်ပါ ပြောလေ့ ရှိပါသည်။ မည်သည်ကို လေ့လာ လေ့လာ နှိုက်နှိုက် ချွတ်ချွတ် အပင်ပန်း ခံပြီး လေ့လာ တတ်ပါသည်။ ထို့ကြောင့် ကိုအောင်ဆန်း စကား ပြောလျှင် ပိုင်ပိုင်နိုင်နိုင် ပြောလည်း ပြောနိုင် ပါသည်။

သူ၏ ပြောဟန် ထဲမှ "ဒီမယ် ... ဒီမယ်" ဟု ပြောပုံများ "ကိုယ့်လူ ... ကိုယ့်လူ" ဟု ပြောပုံ များမှာ နားထဲတွင် စွဲ၍ ယနေ့တိုင် ရှိနေ ပါသေးသည်။

တညနေတွင် သထုံ ဆောင်၌ နေသော ကိုကျော်ငြိမ်း (ယခု ဒုဝန်ကြီးချုပ်)၊ ကိုအောင်ဆန်းနှင့် ကျွန်တော်တို့ သုံးဦးသာ တက္ကသိုလ် ရိပ်သာ

လမ်းနှင့် အင်းလျား လမ်းထောင့် (ယခု ကုလား လက်ဘက်ရည် ဆိုင်နား) တွင် ရောင်းနေသော အကြော်ဆိုင်၌ တဝ စားကြပြီး အင်းလျား ကန်ဘက်ကို လျှောက်ကြ ပါသည်။ ဘင်္ဂါလီ လူငယ်များ၏ ခြောက်လှန့် သတ်ဖြတ်ရေး ဝါဒ(Terrorism) ကို သူရွံ့ရှာ မုန်းတီးပုံ အားရ ပါးရ ပြောပြီးလျှင် သူသည် တဦးချင်း လူစွမ်းကောင်း ဝါဒကို မုန်းတီးကြောင်း၊ စုပေါင်း စည်းရုံး လုပ်ကိုင်ခြင်း (Organized Action) ကိုသာ ယုံကြည်ကြောင်း တနာရီ ကျော်ကျော်ခန့် ပြောနိုင် ခဲ့ပါသည်။

ကိုအောင်ဆန်း မှတ်ပုံမှာ အတော်ကြီး စံနစ်ကျ လုပါသည်။ ပထမ စာအုပ်၏ မာတိကာကို ကောင်းစွာ မှတ်သား ပါသည်။ နောက် တခန်းစီ ဖတ်လျက် ဖတ်ပြီးသား အခန်းများ၏ အချုပ် သဘောကို မှတ်စု စာအုပ် ဖြစ်စေ၊ စာရွက် လွတ်၌ ဖြစ်စေ မာတိကာ ခေါင်းစဉ် ချ၍ အတိုချုပ် (Summary) မိမိ ဘာသာ မိမိ ရေးသားလေ့ ရှိပါသည်။ ကိုအောင်ဆန်းသည် ကျောင်းစာနှင့် အပြင်စာ နှစ်ခုလုံးကို ကျေလည်အောင် ဖတ်နိုင်သော သတ္တိ ရှိသူ ဖြစ်လေသည်။

ထိုခေတ် အခါက ပေါ်ပေါက် နေသော ပြဿနာများ၊ အခြေအနေ များကို မကြာခဏ ဆိုသလို ကိုအောင်ဆန်းနှင့် ဆွေးနွေး ကြပါသည်။ ကိုအောင်ဆန်းသည် အဖြီးအဖြန်း မပါဘဲ လိုရင်း ချက်များကို ပြတ်ပြတ် သားသား တစ်တစ်ခွခွ ဖော်ထုတ်လေ့ ရှိပါသည်။ စာရေးရာ တွင်လည်း အင်္ဂလိပ် ဘာသာနှင့် ဖြစ်စေ၊ မြန်မာ ဘာသာနှင့် ဖြစ်စေ၊ ထိထိမိမိ ထင်ရှား ပေါ်လွင်အောင် ရေးသား နိုင်ပါသည်။ ၂ ဘာသာ စလုံးကို ကောင်းကောင်းကြီး ကျွမ်းကျွမ်းကျင်ကျင် ရေးနိုင် သူများ နည်းပါး သော်လည်း ကိုအောင်ဆန်းမှာ ထိုသို့ ရေးနိုင်သူ တဦး ဖြစ်ပါသည်။

ကိုအောင်ဆန်း ဥပဒေတန်း ပထမနှစ် သင်ကြား နေခိုက် ထိုစဉ်က ကွယ်လွန်သူ ဒေါက်တာ သိန်းမောင် ဦးစီးသော မြန်မာပိုင် အင်္ဂလိပ်သတင်းစာ 'နယူးဘားမား' တွင် အချိန်ပိုင်း အယ်ဒီတာ အဖြစ် ဝင်ရောက် လုပ်ကိုင် ခဲ့ပါသည်။ ကျွန်တော်လည်း ထိုသတင်းစာ တွင်ပင် အချိန်ပိုင်း သတင်း အယ်ဒီတာ အဖြစ် လုပ်လျက် ရှိပါသည်။ ကျွန်တော်တို့ ၂ ဦး စလုံးသည် ညနေ ၃ နာရီ ခွဲကျော်မှ သတင်းစာ တိုက်သို့ ရောက်ကြ ပါသည်။ သတင်းစာတိုက် ရောက်လျှင် ကိုအောင်ဆန်းသည် နောက်တနေ့ အတွက် သတင်း ခေါင်းကြီးကို ကြိုတင် စဉ်းစား လာခဲ့သည့် အတိုင်း ထိုင်ရာ မထ ဆိုသလို တထိုင် တည်းနှင့် အပြီး ရေးလေ့ ရှိပါသည်။ ကိုအောင်ဆန်း ရေးခဲ့သော သတင်းစာ ခေါင်းကြီးပိုင်း များမှာ နယ်ချဲ့ ဆန့်ကျင်ရေး များသာ ဖြစ်ကြ ပါသည်။ အင်္ဂလိပ်စာကို ရေးရာ၌ နိုင်နင်း သည်နှင့် အမျှ ခက်ခဲ လှသော ပြဿနာ တို့ကို ရှင်းလင်း ပီသစွာ ဖော်ထုတ် နိုင်ခဲ့ သဖြင့် နယ်ချဲ့ အစိုးရနှင့် နိုင်ငံရေး ရပ်ကွက် တို့တွင် ကိုအောင်ဆန်း၏ 'ခေါင်းကြီးပိုင်း' များကို လေးလေးစားစား ရှိခဲ့ ကြရ လေသည်။

မြန်မာ ဆောင်းပါး များကိုမူ 'မဟာဒဂုန်' မဂ္ဂဇင်း ကြီး၌ ရေးလေ့ ရှိခဲ့ ပါသည်။ မြန်မာ ဆောင်းပါးများ ရေးသော အခါ တွင်လည်း ကိုအောင်ဆန်းသည် မြန်မာသံ ပီပီသသ နှင့်သာ ရေးလေ့ ရှိခဲ့ ပါသည်။ ဟောပြောရာ ၌မူ ကိုအောင်ဆန်းသည် 'ဒေါ' များများ ပါပြီး ပြောချင်ဇော ကြီးနေ သည်ကို မကြာခဏ ကြုံရ တတ်ပါသည်။ 'အိုးဝေ' မဂ္ဂဇင်း စာတည်း အဖြစ် ကိုအောင်ဆန်း ဆောင်ရွက် နေစဉ်က 'ငရဲခွေးကြီး လွတ်လာ လေပြီ' ဟူသော အင်္ဂလိပ်စာ ကဏ္ဍပါ ဆောင်းပါးမှာ တက္ကသိုလ် နယ်မြေ သာမက တနိုင်ငံလုံး သိမ့်သိမ့်တုန် သွားခဲ့ ပါသည်။ ထို ဆောင်းပါးတွင် ဖွင့်ချ လိုက်သော အချက် များကို အကြောင်း ပြု၍ ကျောင်းသား အရေး တော်ပုံ ပေါ်ခဲ့ ရလေသည်။ ဗမာ့ နိုင်ငံရေး ဖြစ်စဉ်တွင် မှတ်တိုင်ကြီး တခုဟု ဆိုနိုင် ပါသည်။

သမဂ္ဂ ကိစ္စ များကို ဆောင်ရွက်ရာ တွင်လည်း ကိုအောင်ဆန်းသည် အပင်ပန်း ခံကာ အစား အသောက် အအိပ် အနေကို ပမာ မပြုဘဲ လုပ်လေ့ ရှိပါသည်။ အလုပ် လုပ်ရ မှာကို ဘယ်သော အခါမျှ ကြောက်ရွံ့ခြင်း မရှိ သူများတွင် ကိုအောင်ဆန်းသည် ထိပ်ဆုံးက အမြဲ ရှိပါသည်။ ဖွဲလည်း အလွန် ပြင်းထန် ပါသည်။ ဘာလုပ်လုပ် စိတ်ရော ကိုယ်ပါ လုပ်တတ် ၍လည်း သူလုပ် သမျှမှာ ခရီး ရောက်လေ့ ရှိပါသည်။

ကျောင်းသား ဘဝ၌ ဟန်ရေး ပြခြင်းကို စက်ဆုတ်ပြီး ထိထိမိမိ လေ့လာ မှတ်သားကာ ဖွဲရှိရှိနှင့် လုပ်သား ကိုင်သား ကျသော ကိုအောင်ဆန်းသည် သခင် အောင်ဆန်း အနေနှင့် လည်းကောင်း၊ ဗိုလ်ချုပ် အောင်ဆန်း အနေနှင့် လည်းကောင်း နိုင်ငံ့ တာဝန် တို့ကို မမောနိုင် မပန်းနိုင် ဆက်လက် ထမ်းဆောင်ပြီး နိုင်ငံ လွတ်လပ်ရေး မှန်ဦးသို့ အရောက် ပို့ဆောင် နိုင်ခဲ့ ခြင်းမှာ ကျောင်းသား ကျောင်းသူတိုင်း အားကျ နည်းယူ ဖွယ်ပင် ဖြစ်တော့သည်။

ကျောင်းသား ကျောင်းသူတိုင်း ကိုအောင်ဆန်း နည်းတူ နိုင်ငံ အတွက် ကြိုးပမ်း အားထုတ် နိုင်ကြ ပါစေ။

ဆက်နွယ်တဲ့ အကြောင်းအရာ

- တို့ဗမာအစည်းအရုံးခေတ်က သခင်အောင်ဆန်း
- ကျွန်တော်တို့ မှတ်မိသိရှိသမျှ ဗိုလ်ချုပ်
- ဦးအောင်ဆန်း၏ နောက်ဆုံးနေ့
- အာဇာနည် ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိ အကျဉ်း
- အောင်ဆန်း သို့မဟုတ် အရှိန်း
- နိုင်ငံရေး သမား အောင်ဆန်း
- အိုးဝေ မဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်း